ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

# နအဖစစ်အုပ်စုနှင့် ၎င်း၏အုပ်ချုပ်ရေးယန္တယားအတွင်း တာဝန်ထမ်းဆောင်သူများ၏ အပြစ်မဲ့ပြည်သူလူထုအပေါ် ရာဇဝတ်ပြစ်မှုကြီးများ ကျူးလွန်မှုများအား နိုင်ငံတကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ပြည်သူသို့ပန်ကြားချက်

နိုင်ငံတကာရောက် တိုင်းချစ်၊ ပြည်ချစ် မျိုးချစ်မြန်မာနိုင်ငံသားအပေါင်းတို့ခင်ဗျား–

၁။ မြန်မာနိုင်ငံတွင် အုပ်စိုးလျှက်ရှိသော နအဖစစ်အုပ်စုနှင့် ၎င်း၏အုပ်ချုပ်ရေးယန္တယားအတွင်း တာဝန်ရှိသူအများစုသည် အပြစ်မဲ့ပြည်သူလူထုအပေါ် ရာဇဝတ်ပြစ်မှုကြီးများ နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့ကြသည်။ ပြည်တွင်းရှိ တရားစီရင်ရေးစနစ်မှာလည်း လွတ်လပ်မှုမရှိဘဲ နအဖစစ်အုပ်စုကိုသာ နာခံနေရသဖြင့် ထိုပြစ်မှုကျူးလွန်သူများအပေါ် မည်သို့မျှအရေးယူဆောင်ရွက်နိုင်ခြင်းမရှိခဲ့ချေ။ သို့ဖြစ်၍ ပြစ်မှုကြီးများကျူးလွန်သူများမှာ လွတ်ငြိမ်းခွင့်ရလျှက်ရှိပြီး အတင့်ရဲကာ ထပ်ကာတလဲလဲ ဆက်လက်ကျူးလွန်လျှက်ရှိသည်။

၂။ ကြီးမားသော မှုခင်းကြီးများ ဖြစ်ပွားပါလျှက် သက်ဆိုင်ရာနိုင်ငံအတွင်းရှိ တရားစီရင်ရေးစနစ်က လျစ်လျူရှုထားမှုများရှိပါက နိုင်ငံတကာအနေဖြင့် အရေးယူဆောင်ရွက်နိုင်ရန် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးကို ၂၀၀၂ ခုနှစ် ဇူလိုင်လမှ စတင်ဖွဲ့စည်းခဲ့သည်။ ယင်းနောက်ပိုင်း ၂၀၀၃ခုနှစ် မေလ(၃၀)ရက်နေ့တွင် ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားသောအခါ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီတို့ ပူးတွဲ၍ ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ သက်သေထွက်ချက်များကို စနစ်တကျ စုဆောင်းမှတ်တမ်းတင်ပြီး ယင်းပြစ်မှုကြီးကို ကမ္ဘာသိအောင် ဖြန့်ချိနိုင်ခဲ့သော်လည်း နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးအဆင့်အထိ ရောက်ရှိအောင် မလုပ်ဆောင်နိုင်ခဲ့သေးချေ။ အဓိကမှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဖြစ်မှုဆိုင်ရာတရားရုံးဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုမထားခြင်းကြောင့် တစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် နိုင်ငံရေးအရရော ဥပဒေအရပါ ထိရောက်သောတောင်းဆိုချက် မတင်ပြနိုင်သေးသောကြောင့်တစ်ကြောင်း တို့ကြောင့်ဖြစ်သည်။

၃။ ယင်းသို့ဖြစ်သော်လည်း မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့သည် မိမိတို့၏ကြိုးပမ်းမှုများကို ရပ်ဆိုင်းမသွားစေခဲ့ဘဲ ဥပဒေအကြောင်းအရရော နိုင်ငံရေးအရပါ ဆက်လက်ပြီး နည်းလမ်းများ ရှာဖွေကြိုးပမ်းခဲ့သည်။ ထိုအချိန်အတွင်းမှာပင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုထားခြင်းမရှိသော ဆူဒန်နိုင်ငံမှုခင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၀၅ ခုနှစ်တွင် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲအပ်ပြီး အရေးယူစေခဲ့သည်။ ၂၀၀၆ခုနှစ် မေလ(၂၉)ရက်နေ့တွင် ဩစတြေးလျားနိုင်ငံကလက်ရှိအာဏာရ လေဘာပါတီက မြန်မာနိုင်ငံရှိ ပြစ်မှုကျူးလွန်မှုကြီးများနှင့် စပ်လျှဉ်း၍ အလားတူ ဆောင်ရွက်သင့်ကြောင်းထောက်ပြခဲ့ပါသည်။

၄။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့ရက်စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူးလက်မှတ်ရေးထိုးပေးသော နိုင်ငံရေးထောက်ခံမှုကို နယူးရောက်အခြေစိုက် Global Justice Center နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီတို့သည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဗြိတိန်နှင့် ဥရောပနိုင်ငံအချို့တို့ကို ဥပဒေအကြောင်းအရ ချဉ်းကပ်ရှင်းပြမှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၀၈ခုနှစ် မေလ ၂၂ ရက်နေ့တွင် ဥရောပသမဂ္ဂပါလီမန်က နာဂစ်မုန်တိုင်းကာလအတွင်း နအဖ၏လျစ်လျူရှုထားမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးအနေဖြင့် စစ်ဆေးအရေးယူနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးက ဖိအားပေးဆောင်ရွက်ကြရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အလားတူဦးတည်ချက်ဖြင့်ပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကနေဒါနိုင်ငံက ကမကထပြု အဆိုတင်သွင်းမှုများလည်း ပေါ်ပေါက်ခဲ့သည်။ မည်သည့်ဘက်ကိုမျှ မလိုက်ဘဲ လူ့အခွင့်အရေးကိုသာ အဓိကဇောင်းပေးလုပ်ရှားသော အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးသည်ပင်လျှင် မြန်မာနိုင်ငံတိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော ပြစ်မှုကြီးများမှာ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့် ပြစ်မှုဘောင်အတွင်း ကျရောက်ကြောင်းဖြင့် မကြာသေးမီကမှ အစီရင်ခံစာတင်သွင်းခဲ့သည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြီးခဲ့သည့်ဇွန်လ(၁၉)ရက်နေ့က ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်မှုများကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် ဆက်စပ်ပြီး ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အမှတ် (၁၈၂၀)ကို ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အလေးအနက် ကြိုဆိုထောက်ခံပါသည်။ ဇွန်လ(၂၄)ရက်နေ့တွင် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသူအမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများအတွက် တာဝန်ရှိသော နအဖ စစ်ခေါင်းဆောင်များကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးအနေဖြင့် အရေးယူနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွှဲပြောင်းပေးအပ်ရန် တောင်းဆိုမှုကိုလည်း အသိအမှတ်ပြုထောက်ခံပါသည်။

၆။ နအဖစစ်အုပ်စုသည် တိုင်းရင်းသားပေါင်းစုံပြည်သူအားလုံးအပေါ် နည်းလမ်းမျိုးစုံသုံး၍ လူမဆန်စွာပြုမူဆက်ဆံနေသည်မှာ ထင်ရှားလျှက်ရှိသည်။ နာဂစ်မုန်တိုင်းဒါဏ်ခံစားခဲ့ကြရသည့် ကျွန်ုပ်တို့နိုင်ငံသားများ၏ အဆိုးရွားဆုံးအခြေအနေကိုပင် (ပြစ်မှုမြောက်စေသည့်အဆင့်အထိ) လျစ်လျူရှုမျက်ကွယ်ပြုကာ လူထုဆန္ဒခံယူပွဲတွင် ကောက်ကျစ်မှုမျိုးစုံသုံးပြီး ၄င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကြောင်း ကြေငြာခဲ့သည်မှာ လွန်စွာပင် အရုပ်ဆိုးအကျည်းတန်သည့် လုပ်ရပ်ဖြစ်သည်။

၇။ ပြည်သူလူထုအပေါ် ကာကွယ်စောင့်ရှောက်ရန်ဖြစ်သော အစိုးရတစ်ရပ်၏ တာဝန်ကိုလုံးဝချိုးဖောက်ပြီး ကိုယ့်ပြည်သူအပေါ်ကိုယ်ပြန်လည်၍ ပြစ်မှုကြီးများကျူးလွန်လျှက်ရှိသည့် နအဖစစ်အုပ်စုကို နိုင်ငံတကာဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးနိုင်ရန်မှာ အရေးတကြီးလိုအပ်ချက်ဖြစ်လာပြီဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အလေးအနက်ထား ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ တချိန်တည်းတွင်လည်း မြန်မာနိုင်ငံအတွင်းတွင် ဖြစ်ပွားကျူးလွန်ခဲ့သော ပြစ်မှုများကို နိုင်ငံတကာတရားရုံးအနေဖြင့် အရေးယူဆောင်ရွက်နိုင်ရေးမှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ နိုင်ငံရေးအရလည်းကောင်း ၊ ဥပဒေရေးရာအရလည်းကောင်း ၊ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ကြီးမားစွာဖိအားပေးတောင်းဆိုကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ထောက်ပြလိုသည်။

၈။ သို့ဖြစ်၍ ပြည်တွင်းနှင့် နိုင်ငံတကာရောက် တိုင်းချစ်၊ ပြည်ချစ် မျိုးချစ် မြန်မာနိုင်ငံသားများ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် ကြိုးပမ်းလှုပ်ရှားလျှက်ရှိသော အဖွဲ့အစည်းများအနေဖြင့် ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ မိမိတို့အချင်းချင်း ဆက်စပ်ညှိနှိုင်းပေါင်းစည်းမှုများ ပြုလုပ်၍သော်လည်းကောင်း၊ နအဖစစ်အုပ်စုအတွင်း တာဝန်ရှိသူများအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေများနှင့်အညီ အမြန်ဆုံးအရေးယူနိုင်ရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂကြီး

၏ ပဋိညာဉ်စာတမ်းများအရ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် အပြင်းအထန်လုပ်ဆောင်သွားကြပါရန် တိုက်တွန်းနိုးဆော်လိုက်ပါသည်။

ဗိုလ်ချုပ်ကြီးတာမလာဘော
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)
၂၀၀၈ခုနှစ်၊ ဇွန်လ(၃၀)ရက်

ဆက်သွယ်ရန်။ ။ ဦးမြင့်သိဏ်း
တွဲဘက်အထွေထွေအတွင်းရေးမှူး(၁)
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)
ဖုန်း– (၆၆) ၀၈၇ ၈၀၈ ၃၅၅၂